**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# မြန်မာ့နိုင်ငံရေးသုံးသပ်ချက် (၂/၂၀၁၁)

## အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးအပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရတို့ထိပ်တိုက်တွေ့ဆုံ ဆွေးနွေးခဲ့တာ (၂၃) နှစ်တာကာလအတွင်းမှာ (၁၆) ကြိမ်မြောက် ရှိလာခဲ့ပါပြီ။ တွေ့ဆုံဆွေးနွေးခဲ့တဲ့ မှတ်တမ်းတွေကိုကြည့်မယ်ဆိုရင် ၁၉၉၄ ခုနှစ်မှာ (၂)ကြိမ်၊ ၂၀၀၂ ခုနှစ်မှာ (၁)ကြိမ်၊ ၂၀၀၇ ခုနှစ်မှာ (၃)ကြိမ်၊ ၂၀၀၈ ခုနှစ်မှာ (၃)ကြိမ်၊ ၂၀၀၉ ခုနှစ်မှာ (၃)ကြိမ်၊ ၂၀၁၀ ခုနှစ်မှာ (၁)ကြိမ်နဲ့၊ ၂၀၁၁ ခုနှစ်မှာ (၃)ကြိမ်၊ စုစုပေါင်း (၁၆)ကြိမ်မြောက်ရှိခဲ့ပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကခေါင်းဆောင်တွေနဲ့ နအဖ စစ်အစိုးရကတော့ တရားဝင် (၅) ကြိမ် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ပါတယ်။

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအပြီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရခဲ့ပေမယ့် နဝတစစ်အစိုးရက အာဏာလွှဲမပေးဘဲ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဖွဲ့စည်းပုံရေးဆွဲရေးအတွက်သာဖြစ်တယ်လို့ ၁/၉၀ ကိုထုတ်ပြန်ကြေညာခဲ့ပြီးတဲ့နောက် ၁၉၉၃ ခုနှစ်ကစလို့ အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို စတင်နေခဲ့ပါတယ်။ ရှစ်လေးလုံး လူထုလှုပ်ရှားမှုကို အကြမ်းဖက်နှိမ်နင်းခဲ့မှု၊ ရွေးကောက်ပွဲရလဒ်ကိုပစ်ပယ်ပြီး အာဏာလွှဲပြောင်းမပေးခဲ့မှု၊ လွှတ်တော်ခေါ်မပေးခဲ့မှုတွေကြောင့် ပြည်တွင်းပြည်ပ နိုင်ငံတကာမှ ပြစ်တင်ဝေဖန်ပြောဆိုမှု၊ ဖိအားပေးမှုတွေ များလာတာကြောင့် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ကစလို့ နေအိမ်အကျယ်ချုပ်ချခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နဝတစစ်ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့မှာ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှု အသေးစိပ်ကိုမသိခဲ့ရပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အမျိုးသားညီလာခံတက်ဖို့ကိစ္စအပါအဝင် ဆွေးနွေးတာ ဖြစ်နိုင်ပါတယ်။

ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုကတော့ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့အဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အသေးစိပ်ကိုမသိရပေမယ့် အမျိုးသားညီလာခံကိုပူးပေါင်းဆောင်ရွက်ရေးကိစ္စအပြင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က လွှတ်ပေးရေးကိစ္စတွေ ပါနိုင်ပါတယ်။ ၁၉၉၅ ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီမိုကရေစီနည်းမကျတဲ့ အမျိုးသားညီလာခံကို ဆန့်ကျင်ခဲ့တာကြောင့် စစ်အစိုးရနဲ့ အဖွဲ့ချုပ်ကြားမှာ ဆက်ဆံရေးတော်တော်လေးတင်းမာသွားခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံကို ရပ်နားလိုက်တာတွေ့ရပါတယ်။

အဲဒီကာလမှာ နအဖ စစ်အစိုးရက နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖမ်းဆီးအကျဉ်းချတာ၊ နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းတာတွေကို ဆက်တိုက်ဆိုသလို ပိုက်စိပ်တိုက် လုပ်ဆောင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးခရီးစဉ်တွေမှာ နည်းမျိုးစုံနဲ့ လိုက်ပြီးနှောင့်ယှက်တားဆီးမှုတွေလည်း လုပ်ခဲ့ပါတယ်။ ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့ မန္တလေးခရီးစဉ်သွားတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးခရီးစဉ်တွေအပေါ် စစ်အစိုးရကစိုးရိမ်လာပြီး နေအိမ်အကျယ်ချုပ်နဲ့ ပြန်လည်ဖမ်းဆီးထိန်းသိမ်းလိုက်ပြန်ပါတယ်။ အဲဒီအချိန်ကစလို့ ၂၀၀၂ ခုနှစ်တိုင်အောင် ဒေါ်အောင်ဆန်း စုကြည်နဲ့ စစ်အစိုးရအကြား တွေ့ဆုံဆွေးနွေးမှုတွေ ရပ်တန့်သွားခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့တော့ ၁၉၉၇ ခုနှစ်မှာ (၁) ကြိမ်၊ ၁၉၉၈ ခုနှစ်မှာ (၂)ကြိမ်၊ ၂၀၀၀ ပြည့်နှစ်မှာ (၁)ကြိမ်၊၂၀၀၈ခုနှစ် စက်တင်ဘာ ၉ ရက်နေ့မှာ (၁)ကြိမ် စုစုပေါင်း (၅) ကြိမ်တိုင်တိုင်တွေ့ဖြစ်ခဲ့ကြပေမယ့် နိုင်ငံရေးအရ အတွင်းကျကျညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်နိုင်ခဲ့တာ မတွေ့ရပါဘူး။ အဖွဲ့ချုပ်ရဲ့ ထုတ်ပြန်

ကြေညာချက်တွေအပေါ် အပြန်အလှန်ဖြေရှင်းတာ၊ သဘောထားအချို့တင်ပြတာ၊ အဖွဲ့ချုပ်ကို ခေါ်ယူသတိပေးတာတွေကိုပဲ တွေ့ရပါတယ်။

၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်နေ့မှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့အကြား တွေ့ဆုံဆွေးနွေးရေးက ပြန်ပြီးအသက်ဝင်လာခဲ့ပါတယ်။ ဆွေးနွေးမှုအသေးစိပ်ကို ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က ပြန်လွှတ်ပေးရေးကိစ္စ၊ အမျိုးသားညီလာခံကို ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေကို ဆွေးနွေးခဲ့ တယ်လို့ ယူဆရပါတယ်။ ၂၀၀၂ ခုနှစ် မေလ(၆)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာခဲ့ပြီး နိုင်ငံရေးခရီးစဉ်တွေကို ပြန်လည်စတင်နိုင်ခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုနဲ့ပတ်သက်ပြီး အပေးအယူကိစ္စ အသေးစိတ်ကိုမပြောပေမယ့် ဗိုလ်ချုပ်မှူးကြီးဘက်က မရိုးသားခဲ့ဘူးဆိုတာ ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကို ဒီပဲယင်းမှာ လုပ်ကြံသတ်ဖြတ်ဖို့ အစီအစဉ်အကောင်အထည်ဖော်မှုပဲ သိခဲ့ကြရပါတယ်။ လုပ်ကြံသတ်ဖြတ်မှု မအောင်မြင်တော့ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၂၁)နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ပြန်ပြီးထိန်းသိမ်း လိုက်ပြန်ပါတယ်။ ဒီအချိန်မှာတော့ ဗိုလ်ချုပ်မှူးကြီးနဲ့ဒေါ်အောင်ဆန်းစုကြည်တို့အကြား၊ စစ်အစိုးရနဲ့အဖွဲ့ချုပ်တို့အကြား ဆက်ဆံရေးကတော်တော်လေးတင်းမာနေတာ တွေ့ရပါတယ်။ ဒီပဲယင်းလုပ်ကြံမှုကြောင့် နိုင်ငံတကာရဲ့အာရုံစူးစိုက်လာမှုတွေကိုရှောင်လွှဲဖို့ စစ်အစိုးရက ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့မှာ လမ်းပြမြေပုံ (၇) ချက်ကို ထုတ်ပြန်ခဲ့ပြီး အမျိုးသားညီလာခံကို ပြန်စဖို့လုံးပမ်းနေခဲ့ပါတယ်။

၂၀၀၄ ခုနှစ်၊ မတ်လမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့အချိန်မှာဘဲ စာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲ့ဒီစာပို့ပြီးတဲ့နောက်ပိုင်းမှာတော့ စစ်အစိုးရနဲ့ အဖွဲ့ချုပ်အကြား ဆက်ဆံရေးပြန်ပြီး လမ်းစပွင့်လာတာ တွေ့ရပါတယ်။ အဲ့ဒီစာထဲမှာ အဖွဲ့ချုပ်အနေနဲ့ စစ်အစိုးရနဲ့လက်တွဲလုပ်ဆောင်ရန်အသင့်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးလိုကြောင်း ကမ်းလှမ်းချက်တွေပါရှိခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်၊ နှစ်ဦးပိုင်းကာလတွေမှာ စစ်အစိုးရက အဖွဲ့ချုပ်နဲ့ အကြိတ်အနယ်နိုင်ငံရေးဆွေးနွေး ပွဲတွေကို လုပ်ခဲ့ကြပြီး အဖွဲ့ချုပ်က အမျိုးသားညီလာခံကို ပြန်တက်ဖို့ကိစ္စအပြင် အခြားနိုင်ငံရေးကိစ္စတွေမှာပါပူးပေါင်းဆောင်ရွက်ဖို့ သဘောတူဆုံးဖြတ်ခဲ့ကြတယ် လို့ကြားသိရပါတယ်။ စစ်အစိုးရက ၁၉၉၆ ခုနှစ် ကတည်းက ရပ်နားထားတဲ့ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်၊ မေလ (၁၇)ရက်နေ့မှာ ပြန်လည်စတင်ကျင်းပခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားညီလာခံပြန်လည်ကျင်းပတဲ့အခါမှာတော့ အဖွဲ့ချုပ်ပါဝင်လာတာကိုမတွေ့ရပါဘူး။ ဒီအချိန်အထိ စစ်အစိုးရက သူတို့ရဲ့ရည်မှန်းချက်အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အသုံးချခဲ့တာ တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်နဲ့ ဆက်လက်ထိန်းသိမ်းထားခဲ့ပြီး ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ ဗိုလ်ချုပ်ခင်ညွန့်ဖမ်းဆီး ခံရပြီးချိန်မှစလို့ စစ်အစိုးရနဲ့ အဖွဲ့ချုပ်ဆက်ဆံရေးဟာလည်း ကျဲသွားခဲ့ပါတယ်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုနောက်ပိုင်း အောက်တိုဘာလ (၂၅)ရက်မှာတော့ နအဖစစ်အစိုးရနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုက အသစ်တဖန်ပြန်လည်စတင်ခဲ့ပြန်ပါတယ်။ အလုပ်သမားဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးခန့်အပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးစေခဲ့ပါတယ်။ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုကိုတော့ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့မှာပြုလုပ်ခဲ့ပြီး တတိယအကြိမ်ကိုတော့ နိုဝင်ဘာလ(၁၉)ရက်နေ့မှာ ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့တာတွေ့ရပါတယ်။ အဲဒီကာလမှာ ဒေါ်အောင်ဆန်းစုကြည်က "တွေ့ဆုံဆွေးနွေးမှုအောင်မြင်ဖို့ဆိုတာဟာ ရိုးသားမှုနဲ့အပေးအယူလုပ်ချင်တဲ့ စိတ်ပေါ်မှာမူတည်ပါတယ်၊ အောင်မြင်ချင်တဲ့ စိတ်ရှိဖို့လည်း အရေးကြီးတယ်" ဆိုတဲ့အကြောင်း ပြောကြားခဲ့ပေမယ့် စစ်အစိုးရဘက်ကတော့ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုကို အကြမ်းဖက်ဖြိုခွဲခြင်းအပေါ် ပြည်တွင်းပြည်ပ ဝေဖန်ရှုံ့ချဖိအားပေးမှုများကို အာရုံလွှဲပြောင်းဖို့အတွက်သာ တွေ့ဆုံဆွေးနွေးရေးလုပ်ခဲ့တာ တွေ့ရပါတယ်။

၂၀၀၈ ခုနှစ်မှာတော့ ဇန်နဝါရီလ (၁၁) ရက်နေ့မှာ တစ်ကြိမ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့မှာတစ်ကြိမ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပေမဲ့လည်း ဘာမှထူးခြားမှုမရှိခဲ့ပါဘူး၊ ဒီအချိန်ဟာ အမျိုးသားညီလာခံ အပြီးသတ် ကျင်းပတဲ့ကာလလည်းဖြစ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီတွေ့ဆုံဆွေးနွေးမှုတွေအပေါ် အားရကျေနပ်မှု မရှိကြောင်းနဲ့ ပြည်သူလူထုကို "အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်ပြင်ဆင်ထားကြ" လို့ သတိပေးပြောကြားခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလ (၂၇) ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် (၁)နှစ်တိုးခဲ့ပြီး (၂၉) ရက်နေ့မှာတော့ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို လူထုဆန္ဒကို မတရားနည်းနဲ့ရယူပြီး အတည်ပြုခဲ့ပါတယ်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရဲချုပ်ခင်ရီတို့ တွေ့ဆုံတာတွေ့ရတယ်။ တွေ့ဆုံရတဲ့ အကြောင်းအရင်းကို လေ့လာကြည့်မယ်ဆိုရင် ၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် လူတွေ

သိန်းနဲ့ချီပြီး သေခဲ့ရမှု၊ သန်းနဲ့ချီပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရမှု၊ စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှု လုသားမဆန်မှုများအပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန္ဒခံယူပွဲကိစ္စ၊ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် သက်တမ်းတိုးတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့တုန့်ပြန်ကြေညာချက်တွေဟာ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမှု၊ ဆန္ဒခံယူပွဲနဲ့ ကော်မရှင်ကို အသရေပျက်စေမှု စတဲ့ပြစ်မှုတွေနဲ့ ငြိစွန်းနေတယ်ဆိုပြီး သတိပေးသွားခဲ့တာတွေဘဲဖြစ်ပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးခဲ့တာမတွေ့ရပါဘူး။

၂၀၀၉ ခုနှစ်၊ ဩဂုတ် (၁၁)ရက်နေ့မှာတော့ လွှတ်ရက်စေ့နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်မပေးပဲ အမေရိကန်နိုင်ငံသား ဂျွန်ယက်တောအိမ်ထဲခိုးဝင်မှုကိစ္စနဲ့ မတရားစွပ်စွဲပြီး နေအိမ်အကျယ်ချုပ်ကို (၁၈) လထပ်ချခဲ့ပါတယ်။ အဲဒီကာလမှာ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းထောင်ပို့ဖို့အထိ စီမံခဲ့တာကိုကြည့်ခြင်းဖြင့် စစ်အစိုးရရဲ့ ဒေါ်အောင်ဆန်းစုကြည် အပေါ်ထားတဲ့သဘောထားကို သိသာပေါ်လွင်စေခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အောက်တိုဘာလ (၃) ရက်နေ့မှာတော့ ဦးအောင်ကြည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမအကြိမ်ပြန်ပြီး တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒုတိယအကြိမ်ကိုတော့ အောက်တိုဘာလ (၇) ရက်နေ့မှာ လုပ်ခဲ့တာတွေ့ရပါတယ်။ ဒီကာလ တွေ့ဆုံမှုတွေမှာတော့ စီးပွားရေးပိတ်ဆို့မှုကို ဖြေရှင်းနိုင်ဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံစာရေးတယ်လို့ သတင်းထွက်ပေါ်လာခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာတာကိုတွေ့ရပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံမှုအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာသံအမတ်တွေ၊ ကိုယ်စားလှယ် တွေနဲ့စစ်အစိုးရက တွေ့ဆုံခွင့်တွေပေးခဲ့ပါတယ်။ တတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုကိုတော့ ဒီဇင်ဘာလ (၁၂) ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် အတွင်းပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲသုံးခုစလုံးမှာ ဘာတွေဆွေးနွေးခဲ့ကြတယ်၊ ဘာတွေသဘောတူခဲ့ကြ တယ်ဆိုတာမသိရပေမယ့် နေပြည်တော်မှာ ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာတော့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်က "ပထမအကြိမ်တွေ့ဆုံမှုဟာ နှစ်ဘက်နားလည်မှုအတွက်ဖြစ်ပြီး ဒုတိယအကြိမ်က အနာဂတ်ဆွေးနွေးပွဲများအတွက် မူဘောင်သတ် မှတ်တဲ့အဆင့်ဖြစ်ပြီး တတိယအကြိမ်ကတော့ မူဘောင်ထဲမှာ နောက်ထပ်ထည့်သွင်းရမယ့် အချက်တွေကိုဆွေးနွေးခြင်းသာဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြုသဘောဆောင်ပြီး သတိနဲ့ကြိုဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဗိုလ်ချုပ်မှူးကြီးထံကို သူမနဲ့ အဖွဲ့ချုပ်ပုံမှန်တွေ့ဆုံနိုင်ခွင့်၊ အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုတွေကို လျှော့ပါးစေဖို့ ဆောင်ရွက်ရမဲ့လုပ်ငန်းတွေကိုဆွေးနွေးနိုင်ဖို့အတွက် ဗိုလ်ချုပ်မှူးကြီးနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံခွင့်ပြုရန်လည်း ကမ်းလှမ်းတောင်းဆိုခဲ့ပြီး အမျိုးသားရင်ကြားစေ့ရေး အကောင်အထည်ဖော်ဖို့ အသင့်ရှိသလို၊ ပုံမှန် ဆွေးနွေးပွဲ တွေပြုလုပ်သွားရန် မျှော်လင့်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ စစ်အစိုးရဖက်ကတော့ လမ်းပြမြေပုံအတိုင်း ဆက်သွားမယ်လို့ ခိုင်ခိုင်မာမာပြောဆိုခဲ့ပါတယ်။ တဖက်ကလည်း ၄င်းတို့ပိုင် သတင်းမီဒီယာတွေမှာ ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်ပြောဆိုမှု တွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ဖြစ်နေတဲ့ အခြေအနေအားလုံးကို ပြည်တွင်းပြည်ပနဲ့ နိုင်ငံတကာကလည်း သတိနဲ့စောင့်ကြည့် နေခဲ့ကြပါတယ်။ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုးချဲ့ဖွဲ့စည်းခွင့်ရခဲ့ တာတွေ့ရပါတယ်။

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ ပြန်လည်တွေ့ဆုံခဲ့ပါတယ်။ ၂၀၀၉ နဲ့ ၂၀၁၀ မှာတော့ တွေ့ဆုံဆွေးနွေးမှုတွေက တောက်လျှောက်ဆိုသလိုဖြစ် နေတာတွေ့ရတယ်။ အသေးစိပ်ကို မထုတ်ပြန်ခဲ့ပေမယ့် အဖွဲ့ချုပ်ပြင်ဆင်ဖွဲ့စည်းခဲ့မှုနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စတွေနဲ့ သက်ဆိုင်မယ်ထင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဥပဒေသံတွေထွက်လာတဲ့အပေါ် ရွေးကောက်ပွဲဝင်ဖို့၊ မဝင်ဖို့ဆုံးဖြတ်ရမယ့် အချိန်မဟုတ်သေးဘူးလို့ ပြောဆိုခဲ့ပါတယ်။ မတ်လ (၈)ရက်နေ့မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေထွက်လာပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၂၉) ရက်နေ့မှာ ရွေးကောက်ပွဲကိုမဝင်ဖို့ ဆုံးဖြတ်ခဲ့ပြီး နောက်ပိုင်းကာလမှာ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲအခင်းအကျင်းတွေကြောင့် ဆန္ဒမဲမပေးဖို့ တတိုင်းပြည်လုံးကိုလည်း နှိုးဆော်ခဲ့ပါတယ်။ ဘက်နှစ်ဖက်ကို လေ့လာကြည့်မယ်ဆိုရင် တစ်ဖက်က ၂၀၁၀ ရွေးကောက်ပွဲအပါအဝင် လမ်းပြမြေပုံ(၇)ရပ်နဲ့ လုပ်ငန်းစဉ်များအောင်မြင်ရေးဖြစ်ပြီး တစ်ဖက်ကစစ်အာဏာရှင်စနစ်ကို ဆက်လက်အသက်သွင်းမဲ့ (၂၀၀၈) ဖွဲ့စည်းပုံနဲ့ လွတ်လပ်ပြီးတရား မျှတမှုမရှိတဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံခြင်းတို့ဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၀ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရတို့ တစ်ကြိမ်သာတွေ့ဆုံဆွေးနွေးနိုင်ခဲ့တာတွေ့ရပါတယ်။

စစ်အစိုးရဟာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့မှာ ရွေးကောက်ပွဲကိုကျင်းပခဲ့ပြီး နိုဝင်ဘာလ (၁၃)ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက နေအိမ်အကျယ်ချုပ် ချထားရာကနေလွှတ်ပေးခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲရဲ့မတရားမှုတွေကို ဖုံးကွယ်ဖို့ကြိုးစားခဲ့ပါတယ်။ ၂၀၁၁ခုနှစ်၊ ကြံ့ဖွံ့အစိုးရ တက်လာအပြီး ၃ လကျော်အကြာမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ဟာ ဇူလိုင်လ (၂၅) ရက်နေ့မှာတစ်ကြိမ်၊ ဩဂုတ်လ (၁၂)ရက်နေ့မှာတစ်ကြိမ်၊ စက်တင်ဘာလ(၃၀) ရက်နေ့ နေ့မှာတစ်ကြိမ် စုစုပေါင်း(၃)ကြိမ်ဆက်တိုက် တွေ့ဆုံမှုတွေရှိလာခဲ့သလို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်ကလည်း ဩဂုတ်လ (၁၉)ရက်နေ့မှာ ပထမအကြိမ် တွေ့ဆုံနိုင်ခဲ့တာ တွေ့ရပါတယ်။ ပထမအကြိမ် ဆွေးနွေးမှုအပြီးမှာတော့ အခါတိုင်းတွေ့ဆုံဆွေးနွေးမှုတွေနဲ့မတူပဲ အကြောင်းအချက်အချို့ကို အောက်ဖော်ပြထားတဲ့အတိုင်း ထုတ်ပြန်ကြေညာခဲ့တာတွေ့ရပါတယ်။

"ပြည်သူလူထု ကိုယ်စိတ်နှစ်ပါးချမ်းသာရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အခွင့်အလမ်းများရရှိနိုင်မှု၊ တရာဥပဒေ စိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြားမှု ပပျောက်ရေးကိစ္စ၊ အများပြည်သူအကျိုး ဖြစ်ထွန်းစေရေးကိစ္စနှင့် သင့်တော်သော နေ့ရက်တို့တွင် ထပ်မံတွေ့ဆုံ ဦးမည်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်ဆွေးနွေးချက်တွေကို သဘောတူကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံစဉ်မှာတော့ သတင်းစာရှင်းလင်းပွဲတွေလုပ်ခဲ့ပြီး အောက်ဖော်ပြ ထားတဲ့ အတိုင်းထုတ်ပြန်ကြေညာခဲ့ပါတယ်။

"(၁) ပြည်သူလူထု တစ်ရပ်လုံး၏ ပကတိလိုအပ်ချက်ဆန္ဒများကို ဖြည့်ဆည်းပေးသည့်အနေဖြင့် တိုင်းပြည်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် နှစ်ဘက်လက်တွဲ ဆောင်ရွက်သွားမည်။

(၂) မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆက်လက်တိုးတက်ထွန်းကားစေရေးအတွက်လည်းကောင်း၊ စီးပွားရေးနှင့်လူမှုရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်။

(၃) ပဋိပက္ခအသွင်ဆောင်သော အမြင်သဘောထားများကို ရှောင်ရှားကြပြီး အပြန်အလှန်ကူညီသော ပူးပေါင်းဆောင် ရွက်ရေးလုပ်ငန်းစဉ် (reciprocal basis) အတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်သွားမည်။

(၄) တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်။"

၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့ ဦးသိန်းစိန်နဲ့တွေ့ဆုံပြီးနောက်ပိုင်းမှာတော့ "မတူကွဲပြားသောသဘောထား အမြင်များကို ဘေးဖယ်ထားပြီး နိုင်ငံနှင့်ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက် နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြတယ်" လို့ဆိုပါတယ်။ ဦးသိန်းစိန်နဲ့တွေ့ဆုံလို့အပြီးမှာ ဒေါ်အောင် ဆန်းစုကြည်က "နိုင်ငံတော်သမ္မတဦးသိန်းစိန်အနေနဲ့ ပြောင်းလဲမှုတွေကို အပြုသဘော လုပ်ဆောင်လိုတဲ့သူတစ်ယောက်လို့ မြင်ပါတယ်။" "အချိန်အကန့်အသတ်မရှိပေမယ့် မြန်ဆန်လာနိုင်မယ် ထင်ပါတယ်"

စက်တင်ဘာလ (၂၃) ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်က ပြည်ထောင်စုအစိုးရအနေနဲ့ တိုင်းရင်းသား ခေါင်းဆောင်များ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ ဒီမိုကရေစီအင်အားစုခေါင်းဆောင်တွေနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ် ရှိ/မရှိ၊ ရှိလို့ရှိရင် ဘယ်အချိန်မှာ စတင်နိုင်မလဲ၊ မရှိပါက ဘာကြောင့် မရှိဘူးဆိုတဲ့ မေးခွန်းကို မေးတဲ့အခါမှာ ပြည်ထောင်စု အစိုးရကိုယ် စားပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "ငြိမ်းချမ်းရေး (သို့မဟုတ်) အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ပတ်သက်ပြီး ကနေ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ နည်းလမ်း (၃) ခု နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မိမိတို့နဲ့ အမြင်သဘောထား မတူတဲ့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအနေနဲ့ အမြင်သဘောထားတူတာတွေကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ကမ်းလှမ်း ဖိတ်ခေါ်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ယခုအချိန်မှာလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်း ဆောင်ရွက်နိုင်အောင် လုပ်ဆောင်နေပါတယ်" "အဲဒီလို နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနဲ့ သဘောထား တူညီတာတွေကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်ရဲ့စွမ်းအားနဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မှာဖြစ်သလို လက်တွဲ အလုပ်လုပ်ကြရင်းနှစ်ဖက်နားလည်မှုနဲ့ ယုံကြည်မှုတွေ ပိုမိုတိုးပွားရရှိလာနိုင်မှာဖြစ်ပါတယ်။ အဲဒီကနေတဆင့် အမြင်သဘောထား ကွဲနေမှုတွေကို တဆင့်တက်ညှိနှိုင်းဖြေရှင်းခြင်းအားဖြင့် နှစ်ဖက်စလုံးအတွက် win-win situation ကို တက်လှမ်းနိုင်ပါမယ်" လို့ရှင်းလင်းပြောကြားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ တတိယအကြိမ်တွေ့ဆုံခဲ့ပြီး သတင်းစာရှင်းလင်းပွဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့က အောက်မှာ ဖော်ပြထားတဲ့ အတိုင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

"၁) နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စဉ်းစားဆောင်ရွက်နေသည့်ကိစ္စ
၂) ရောဂါတီမြစ်ကြောင်းထိန်းသိမ်းရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိစ္စ

၃) ဥပဒေပြင်ပတွင် လက်နက်ကိုင်ဆန့်ကျင်နေကြသောသူများကို ဥပဒေဘောင်အတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်ပေးရန် ဆောင်ရွက်နေသည့်ကိစ္စများနှင့်

၄) ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ” တို့ကို ဆွေးနွေးခဲ့ တယ်လို့ ပြောပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲမှာ ဦးအောင်ကြည်က တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လုပ်သွားမယ်လို့ ပြောခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် သာ ရွေးကောက်ပွဲဝင်မယ်ဆိုရင် လက်တွဲပြီးလုပ်သွားမယ်လို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ် အမှုဆောင်တွေနဲ့ တိုင်ပင်ညှိနိုင်းပြီးမှ ပြောနိုင်မယ်လို့တုန့်ပြန်ခဲ့ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကြံ့ဖွံ့အစိုးရတို့ရဲ့လက်ရှိတွေ့ဆုံဆွေးနွေးမှုများနဲ့ပတ်သက်တဲ့ အမြင် သဘောထားတွေကို စုစည်းလေ့လာကြည့်မယ်ဆိုလျှင်

၁) ယုံကြည်ရခက်ပြီး သတိနဲ့စောင့်ကြည့်သင့်တယ်ဆိုတဲ့ အမြင်သဘောထားနဲ့

၂) စစ်မှန်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ရှေ့ရှုနေပြီလို့ ရှုမြင်တဲ့ အမြင်သဘောထားများအဖြစ် တွေ့နိုင်ပါတယ်။

ယုံကြည်ရခက်ပြီးသတိနဲ့စောင့်ကြည့်သင့်တယ်လို့ အမြင်သဘောထားရှိသူများကတော့ အခုလိုတွေ့ ဆုံမှုနဲ့ပတ်သက်ပြီး ဒီတွေ့ဆုံမှု ဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရပ်တည်ရေးကိစ္စ၊ ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးကိစ္စ၊ နိုင်ငံရေး အကျဉ်းသား လွတ်မြောက်ရေးကိစ္စ၊ ပြည်တွင်းစစ်ရပ်စဲရေးကိစ္စတွေ ပါဝင်နိုင်သလို အာဆီယံဥက္ကဋ္ဌကိစ္စ၊ စီးပွားရေးပိတ်ဆို့မှု လမ်းဖွင့်ပေးရေးကိစ္စတွေအတွက် ဆွေးနွေးတာဖြစ်နိုင်တယ်လို့ အသံတွေ ထွက်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နားလည်မှု ယူထားခြင်းအားဖြင့် ကြံ့ဖွံ့အစိုးရအပေါ် ပြည်တွင်းပြည်ပ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အကောင်းမြင်ထောက်ခံလာစေဖို့ ဖန်တီး ကြိုးပမ်းနေခြင်းသာဖြစ်တယ်လို့လည်း မြင်နေကြပါတယ်။ တိုင်းရင်းသားအင်အားစုများအနေနဲ့လည်း ကြံ့ဖွံ့အစိုးရမှ အမျိုးသား ရင်ကြားစေ့ရေးကို ဦးတည်တဲ့၊ အားလုံးပါဝင်သောတွေ့ ဆုံဆွေးနွေးမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်တာမျိုး မရှိသေးတဲ့ အပြင် အချို့တိုင်းရင်းသား ဒေသတွေမှာ စစ်အင်အားတိုးချဲ့တာ၊ ထိုးစစ်ဆင်တာတွေ ပြုလုပ်နေတဲ့အပေါ် ကြံ့ဖွံ့အစိုးရရဲ့ နိုင်ငံရေး စေတနာကို ယုံကြည်ရခက်ပြီး သတိကြီးစွာနဲ့စောင့် ကြည့်နေကြတာ တွေ့ရပါတယ်။

အခုလို တွေ့ဆုံဆွေးနွေးမှုတွေနဲ့ပတ်သက်ပြီး ဝေဖန်သံတွေထွက်လာတဲ့အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တွေ့ဆုံဆွေးနွေး မှုအကြောင်းအရာတွေကို တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေမယ့် လက်ရှိတွေ့ဆုံမှုတွေအပေါ်မှာ “ကျေနပ်အားရမှုရှိ ကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် တိုင်းရင်းသားတွေက အဓိကဖြစ်ကြောင်း၊ တိုင်းပြည်အတွက်အကျိုးဖြစ်စေ မယ့်ရလဒ်ကို မျှော်လင့်ကြောင်း၊ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘယ်သူနဲ့တွေ့တွေ့၊ သူမရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့လူမျိုး အတွက် အကျိုးဖြစ်ထွန်းစေဖို့ပဲ မျှော်လင့်ကြောင်း၊ နိုင်ငံတော်သမ္မတဦး သိန်းစိန်ကပြောင်းလဲမှုတွေကို အပြုသဘောလုပ်ဆောင် လိုတဲ့ သူတစ်ယောက်လို့မြင်ကြောင်း” ပြောခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရအဆက်ဆက် တွေ့ဆုံဆွေးနွေးရေးကိစ္စနဲ့ပတ်သက်ပြီး သုံးသပ်ကြည့်မယ်ဆိုရင် ၁၉၉၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့သော်လည်း စစ်အစိုးရဘက်မှ မှန်ကန်သော နိုင်ငံရေးဆန္ဒမပါပဲ ၎င်းတို့ရင်ဆိုင် ကြုံတွေ့ ခဲ့ရ တဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက်သာ လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့လှုပ်ရှားမှု နောက် ပိုင်းမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအထိ တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး အခန်း ကဏ္ဍ၊ ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်တို့ကို အသိအမှတ်မပြုခဲ့တာ တွေ့ရပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး ကြံ့ဖွံ့အစိုးရ တက် လာပြီးနောက် တွေ့ဆုံဆွေးနွေးမှုတွေမှာတော့ အယင်ဆွေးနွေးမှုများထက်စာလျှင် တစ်စုံတစ်ရာ ရှေ့တိုးလာတာ တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့ သမ္မတဦးသိန်းစိန်ခေါင်းဆောင်တဲ့ လက်ရှိကြံ့ဖွံ့အစိုးရအနေနဲ့ တိုင်းပြည်မှာအမှန်တကယ်လိုအပ်နေတဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံရေးစေတနာ ဘယ်လောက်မှန်ကန်သလဲ၊ လက်ရှိ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဘယ်လောက် အထိ ပွင့်လင်းမြင်သာမှုရှိရှိ အကောင်အထည်ဖော်ဆောင်ရွက် လာမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ကြောင်း သုံးသပ် တင်ပြလိုက်ပါတယ်။

---

***End of report/ Tuesday, October 18, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---